## နိဒါန်း

***တိမောသေဦး***သည်***အာရှမိုင်းနား***မှ ခရစ်ယာန် လူငယ်တစ်ဦးဖြစ်သည်။ အမိမှာ***ဂျူး***လူမျိုးဖြစ်ပြီး၊ ဖခင်မှာ***ဂရိ***လူမျိုးဖြစ်သည်။ သူသည်***ပေါလု***၏သာသနာလုပ်ငန်း၌***ပေါလု***၏လုပ်ဖော်ကိုင်ဖက်နှင့် လက်ထောက်တစ်ဦးဖြစ်လာ၏။***တိမောသေဦးထံပေါလု***ရေးသော ပထမစာစောင်တွင် အချက်သုံးချက်ကို အဓိကထား၍ရေးသားထားသည်။

*ဤစာစောင်တွင် ပထမအနေဖြင့် အသင်းတော်တွင် မှားယွင်းသော အယူဝါဒရှိနေကြောင်း သတိပေးထားသည်။ ထိုအယူဝါဒမှာ***ဂျူး***အမျိုးသားတို့၏အတွေးအခေါ်နှင့်* ***ဂျူး***အမျိုးသားမဟုတ်သူတို့၏ အတွေးအခေါ်တို့ရောနှောရာမှပေါ်ထွက်လာသော အယူဝါဒဖြစ်သည်။ ယင်းအယူဝါဒအရ ရုပ်လောကသည်ဆိုးညစ်သည်ဖြစ်၍ လူသည် ကယ်တင်ခြင်းရနိုင်ရန် အထူးနက်နဲသည့်အသိပညာရရှိရန် လိုအပ်ကြောင်းနှင့် အစာရှောင်ခြင်း၊ အိမ်ထောင်မပြုဘဲနေခြင်း စသည့်ကျင့်စဉ်များ လိုအပ်သည်ဟူသောယုံကြည်ခြင်းအပေါ်အခြေခံထားခြင်းဖြစ်သည်။*

*ဤစာစောင်တွင် အသင်းတော် အုပ်ချုပ်ရေး၊ ဝတ်ပြုကိုးကွယ်မှုနှင့်ပတ်သက်၍လည်းကောင်း၊ အသင်းတော်ခေါင်းဆောင်များနှင့် လက်ထောက်များတွင်ရှိအပ်သည့် အရည်အသွေးစသည်တို့နှင့် ပတ်သက်၍လည်းကောင်း ညွှန်ကြားချက်များလည်းဖော်ပြပါရှိထားသည်။ အဆုံးသတ်အနေဖြင့် ခရစ်တော်၏ ကောင်းမြတ်သောအစေခံတစ်ယောက်ဖြစ်လာနိုင်ရန်နှင့် ယုံကြည်သူအုပ်စုအသီးသီးအပေါ် ထားရှိအပ်သော တာဝန်များကို* ***တိမောသေဦး*** *အားအကြံပြုဖော်ပြထားသည်။*

### *အကြောင်းအရာအကျဉ်းချုပ်*

- *နိဒါန်း ၁း၁–၂*
- *အသင်းတော်နှင့်ယင်း၏အရာရှိများအတွက် ညွှန်ကြားချက်များ ၁း၃–၃း၁၆*
- *တိမောသေဦး၏အလုပ်နှင့်ပတ်သက်သည့် ညွှန်ကြားချက်များ ၄း၁–၆း၂၁*

## အခန်းကြီး (၁)

### နှုတ်ခွန်းဆက်စကား

၁။ ငါတို့၏မျှော်လင့်ချက်ဖြစ်သော ခရစ်တော်**ယေရှု**နှင့်
ငါတို့၏ကယ်တင်ရှင် ဘုရားသခင်၏ ပညတ်တော်
အားဖြင့် ခရစ်တော်**ယေရှု**၏တမန်တော်ဖြစ်ရသော
၂။ ငါ**ပေါလု**သည်၊ ယုံကြည်ခြင်းအားဖြင့် ငါ၏သား
အစစ်မှန်ဖြစ်သူ **တိမောသေဦး**အားငါတို့သခင် ခရစ်
တော်**ယေရှု**နှင့် အဖခမည်းတော် ဘုရား၏ထံတော်
မှ ကျေးဇူးတော်၊ ကရုဏာတော်နှင့် ငြိမ်သက်ခြင်း
ကို ခံစားရပါစေဟု နှုတ်ခွန်းဆက်လိုက်ပါသည်။

### မှားယွင်းသောအယူဝါဒကိုရှောင်ရန် သတိပေးခြင်း

၃။ ငါသည် **မက်ဆီဒိုးနီးယ**သို့သွားစဉ် သင်တို့အား
နှိုးဆော်ခဲ့သည့်အတိုင်း **ဧဖက်ဆု**မြို့တွင် ဆက်လက်
နေထိုင်၍ အချို့သော ပုဂ္ဂိုလ်များအား တားမြစ်
ရမည်မှာ ကွဲပြားသော အယူဝါဒများကို မသွန်သင်
၄။ ကြရန်နှင့်။ ဘုရားသခင်အား ယုံကြည်ခြင်းနှင့်ဆိုင်
ရာကိုပြုစုပျိုးထောင်မပေးဘဲလျက် အချင်းချင်းငြင်း
ခုံမှုကိုသာဖြစ်ပေါ်စေသည့် မကုန်ဆုံးနိုင်သော ဆွေ
စဉ် မျိုးဆက်စာရင်းများ၊ ဒဏ္ဍာရီများ ပြုစုခြင်းဖြင့်
၅။ သာ အချိန်မကုန်ကြစေရန်ပင် ဖြစ်သည်။ ငါတို့
တားမြစ်ရခြင်း၏အရင်းခံအကြောင်းမှာစစ်မှန်သော
ယုံကြည်ခြင်း၊ ကြည်လင်သောသြတ္တပ္ပစိတ်နှင့် သန့်
စင်သော နှလုံးသားမှပေါ်ထွက်လာသော ချစ်ခြင်း
၆။ မေတ္တာပင်ဖြစ်၏။ အချို့သော ပုဂ္ဂိုလ်တို့သည် ဤ
အချက်များမှလွဲဖယ်သွားခြင်းဖြင့် အကျိုးမဲ့ဆွေးနွေး
၇။ ပြောဆိုခြင်း၌သာ ကျင်လည်နေကြကာ၊ မိမိတို့
ပြောဆိုနေသည့်အရာများကိုလည်းကောင်း၊ မိမိတို့
အခိုင်အမာပြုသည့် အချက်များကို လည်းကောင်း
နားမလည်ကြပဲလျက် ပညတ်တရားကို သွန်သင်
၈။ သည့်ဆရာများဖြစ်လိုကြသည်။ တရားလမ်းအတိုင်း
ကျင့်ကြံပါလျှင် ပညတ်တရားသည်ကောင်းကြောင်း
၉။ ကို ငါတို့သိကြသည်။ ငါတို့ နားလည်ကြသည်မှာ
ပညတ်တရားကို ချမှတ်ထားခြင်းသည် ဖြောင့်မတ်
သော သူတို့အတွက်မဟုတ်ပဲ၊ တရားမဲ့သူနှင့်နာခံ
ခြင်းမရှိသူ၊ ဘုရားမဲ့သူနှင့်အပြစ်ရှိသူ၊ သူတော်သူ
မြတ်မဟုတ်သူနှင့် လောကီဆန်သူ၊ ဖခင်များကို
သတ်သူများနှင့်မိခင်များကိုသတ်သူများ၊ လူ့အသက်

၁၀။ ကိုသတ်သူများ၊ အကျင့်စာရိတ္တ ပျက်ပြားသူများ၊
**ဆောဒမ်**မြို့သားများကဲ့သို့ လိင်တူသူခြင်း ဆက်ဆံ
ပြစ်မှားသူများ၊ပြန်ပေးဆွဲသူများ၊မုသားပြောသူများ၊မ
ဟုတ်မမှန်ကျိန်ဆိုသူများနှင့် စစ်မှန်သောအယူဝါဒ
ကိုဆန့်ကျင်သည့်အရာမှန်သမျှအတွက်သာဖြစ်၏။
၁၁။ ဤသွန်သင်ချက်သည် ဘုန်းအသရေနှင့် ပြည့်ဝ၍
မင်္ဂလာရှိတော်မူသော ဘုရားသခင် ထံတော်မှလာ
သည့် သတင်းကောင်းအတိုင်း ဖြစ်ပေသည်။ ထို
သတင်းကောင်းကို ကြေညာရန်ငါ့အားပေးအပ်တော်
မူ၏။

## ကရုဏာတော်အတွက်ကျေးဇူးတင်ချီးမွမ်းခြင်း

၁၂။ ငါ့ကိုခွန်အားပေးတော်မူသောငါတို့သခင်ခရစ်တော်
**ယေရှု**၏ကျေးဇူးတော်ကိုချီးမွမ်းပါ၏။ အကြောင်း
မူကား ကိုယ်တော်သည်ငါ့ကိုအမှုတော်ထမ်းဆောင်
ရန်ခန့်အပ်ခြင်းအားဖြင့် သစ္စာရှိသူဟူ၍ သတ်မှတ်
၁၃။ ခဲ့လေပြီ။ ယခင်က ငါသည်ကိုယ်တော်ကို ထိခိုက်
ပြောဆိုခဲ့၍ ညှဉ်းပန်း နှိပ်စက်ခဲ့ပြီး၊ ကဲ့ရဲ့ရှုတ်ချခဲ့
သော်လည်း ယုံကြည်ခြင်းကင်းမဲ့၍ အမှန်တရားကို
မသိသောကြောင့်သာ ထိုသို့ပြုကျင့်ခဲ့ခြင်းဖြစ်သည့်
အတွက် ကရုဏာတော်ကို ငါခံယူရရှိခဲ့၏။
၁၄။ ငါတို့သခင်ဘုရား၏ကျေးဇူးတော်သည်လည်းခရစ်
တော်**ယေရှု**၌ ယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာ နှင့်
၁၅။ အတူတကွ ငါ့အတွက်ပြည့်လျှံခဲ့လေပြီ။ခရစ်တော်
**ယေရှု**သည် အပြစ်ရှိသော သူတို့ကိုကယ်တင်ခြင်း
ငှာ ဤလောကသို့ ဆင်းကြွလာတော်မူသည်ဟူ
သော စကားသည်မှန်ကန်၍ လက်ခံထိုက်ဖွယ်ဖြစ်
ပေသည်။ အပြစ်ရှိသော သူတို့တွင် ငါသည်ထိပ်
၁၆။ တန်းပင်ဖြစ်၏။ သို့ရာတွင် ထာဝရအသက်ကိုရရှိ
စေခြင်းငှာ **ယေရှု**ခရစ်တော်ကိုယုံကြည်လတ္တံ့သော
သူတို့အတွက်စံနမူနာတစ်ခုဖြစ်စေရန်အပြစ်ရှိသော
သူတို့တွင် ထိပ်တန်းဖြစ်သော ငါသည်ပင်လျှင်
၁၇။ ကရုဏာတော်ကိုခံယူခဲ့ရ၏။ ခေတ်ကာလအပေါင်း
တို့၏ ဘုရင်တည်းဟူသော ပျက်စီးခြင်းနှင့်ကင်း
လွတ်တော်မူထသော၊ လူတို့မြင်နိုင်စွမ်း မရှိသော
တစ်ဆူတည်းသော ဘုရားသခင်အား ဘုန်းတော်
၁၈။ ဂုဏ်တော်ရှိတော်မူစေသတည်း။ အာမင်။ ငါ့သား
**တိမောသေဦး**ဤအခွင့်ကိုသင့်အားငါအပ်နှင်းပါ၏။
သင့်အားရည်မှန်း၍ ထွက်ဆိုသောအနာဂတ္တိစကား
များနှင့်အညီ၊ သင်သည် ထိုစကားများ၏လှုံ့ဆော်
ခြင်းအားဖြင့် ကောင်းသောစစ်ပွဲကို တိုက်ခိုက်နိုင်
၁၉။ စေရန်၊ ယုံကြည်ခြင်းကိုကိုင်ဆောင်၍သန့်စင်သော
သြတ္တပ္ပစိတ်ရှိပါစေ၊ သြတ္တပ္ပစိတ်၏ လှုံ့ဆော်မှုကို
ငြင်းပယ်ခြင်းအားဖြင့် အချို့သော ပုဂ္ဂိုလ်တို့သည်
မိမိတို့၏ယုံကြည်ခြင်းကို ပျက်စီးဆုံးရှုံး ခဲ့ရကြပြီ။
၂၀။ ထိုသူတို့အစုတွင် **ဟင်မေနပ်**နှင့် **အလက်ဇန္ဒား**တို့
ပါဝင်ကြပြီး သူတို့သည် ဘုရားသခင်အားထိခိုက်
မပြောဆိုအပ်ကြောင်း သင်ယူစေခြင်းငှာ သူတို့ကို
ဆာတန်၏လက်သို့ ငါပေးအပ်လိုက်လေသည်။

## အခန်းကြီး (၂)
## ဆုတောင်းပတ္ထနာပြုခြင်းအကြောင်း သွန်သင်ချက်

၁။ ပထမဦးစွာ ငါနှိုးဆော်တိုက်တွန်းလိုသည်မှာ သင်
တို့သည် ဘုရားသခင်ထံအသနားခံခြင်း၊ဆုတောင်း
ပတ္ထနာပြုခြင်း၊ တောင်းလျှောက်ခြင်း၊ ကျေးဇူးတော်
ကိုချီးမွမ်းခြင်းတို့ကို လူအပေါင်းတို့အတွက် ပြုကြ
၂။ စေရန်ပင်ဖြစ်ပြီး၊ ရှင်ဘုရင်များ၊ ရာထူးကြီးမြင့်သူ
များအတွက်လည်း ထိုနည်းတူပြုကြခြင်းဖြင့် ငါတို့
သည်ငြိမ်သက်ချမ်းမြေ့စွာနေထိုင်ကြလျက် အရာရာ
တွင် ဘုရားတရားနှင့်အညီ အကျင့်သိက္ခာရှိစွာ နေ
၃။ နိုင်ကြပေမည်။ ဤအမှုသည်ကောင်းမြတ်၍၊ ငါတို့
ကယ်တင်ရှင် ဘုရားသခင်၏ ရှေ့မှောက်တော်တွင်
၄။ လက်ခံဖွယ် ဖြစ်ပေသည်။ လူအပေါင်းတို့သည်
ကယ်တင်ခြင်းခံရ၍ သမ္မာတရားတော်ကိုသိစေခြင်း
၅။ ငှာ ဘုရားသခင် အလိုရှိတော်မူ၏။ ဘုရားတစ်ဆူ
တည်းသာရှိပြီး ဘုရား နှင့် လူတို့အကြား တစ်ဦး
တည်းသောဆက်သွယ်ပေးသူမှာလူစင်စစ်ဖြစ်သော
၆။ ခရစ်တော်**ယေရှု**ပေတည်း။ ကိုယ်တော်သည် လူ
အပေါင်းတို့အား အပြစ်မှရွေးယူကယ်တင်ရန် အဖိုး
အခအဖြစ် မိမိကိုယ်ကို ပေးဆက်ခဲ့သည်ကိုလည်း
၇။ အချိန်တန်သောအခါ သက်သေခံခဲ့လေပြီ။ ဤ
အတွက်ငါသည်ဟောပြောသွန်သင်သူအရာ၌ လည်း
ကောင်း၊ တမန်တော်အရာ၌လည်းကောင်း၊ ယုံကြည်
ခြင်းတရားနှင့်သမ္မာတရားတို့ကို လူမျိုးခြားတို့အား
သင်ကြားသောဆရာအရာ၌လည်းကောင်း ခန့်အပ်

ခြင်းခံရသည်။ ငါသည် မုသားစကားကိုမဆို၊ မှန်
၈။ သောစကားကိုသာဆို၏။ သို့ဖြစ်၍အရပ်ရပ်၌အမျိုး
သားတို့သည် အမျက်ထွက်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်း
မရှိပဲ မွန်မြတ်သော လက်များကို ပင့်မြှောက်၍ဆု
၉။ တောင်းကြစေရန် ငါအလိုရှိ၏။ ထိုနည်းတူ အမျိုး
သမီးတို့သည် မိမိတို့ ကိုယ်ကို သင့်တော်သော
အဝတ်အစားတို့ဖြင့်အိန္ဒြေသိက္ခာရှိစွာ၊ အသိတရား
ရှိစွာ ဆင်ယင်သင့်ကြသည်။ ဆံပင်ကို ကျစ်လစ်
ထုံးဖွဲ့၍ ရွှေပုလဲစသည့် အဖိုးတန်အဝတ်တန်ဆာ
၁၀။ တို့ဖြင့်မဟုတ်ပဲ၊ ဘုရားတရားကြည်ညိုသော အမျိုး
သမီးများနှင့်လျော်ညီသည့် ကောင်းသော အကျင့်
၁၁။ များဖြင့်သာဆင်ယင်ကြစေရန် ငါအလိုရှိ၏။ အမျိုး
သမီးတစ်ဦးသည်ကျိုးနွံ့နာခံမှုအပြည့်အဝဖြင့်တိတ်
၁၂။ ဆိတ်စွာ သင်ယူပါစေ။ မည်သည့်အမျိုးသမီးကိုမျှ
ဟောပြောသွန်သင်ရန် သို့မဟုတ် အမျိုးသားများ
အပေါ်သြဇာအာဏာရှိစေရန် ငါခွင့်မပြု။ သူမသည်
၁၃။ တိတ်ဆိတ်စွာနေရမည်။ အကြောင်းမူကား **အာဒန်**
ကို ပထမဦးစွာဖန်ဆင်းပြီးမှ **ဧဝ**ကို ဖန်ဆင်းတော်
၁၄။ မူ၏။ **အာဒန်**သည်လှည့်ဖြားခြင်းခံရသည်မဟုတ်၊
သို့သော် **ဧဝ**သာလျှင်လှည့်ဖြားခြင်းခံရပြီး၊ ဖောက်
၁၅။ ပြန်ကျူးလွန်သူ တစ်ဦးဖြစ်ခဲ့၏။ သို့သော်လည်း
အမျိုးသမီးသည် ယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာ၊
သန့်ရှင်းမွန်မြတ်ခြင်းနှင့် အိန္ဒြေသိက္ခာရှိခြင်းတို့ကို
ဆက်လက်ထိန်းသိမ်းပါမူ မိမိတို့သားဖွားပေးရကြ
သည့်အတွက် ကယ်တင်ခြင်းကိုခံရကြလိမ့်မည်။

## အခန်းကြီး (၃)
## အသင်းတော်ခေါင်းဆောင်တို့၏ အရည်အချင်းများ

၁။ အကြင်သူသည် အသင်းတော်ခေါင်းဆောင်ရာထူး
ကို မျှော်မှန်းအံ့၊ ထိုသူသည်မွန်မြတ်သောလုပ်ငန်း
တစ်ခုကိုမျှော်မှန်းပေသည်ဟူသောဆိုရိုးစကားသည်
၂။ မှန်ပေစွ။ အသင်းတော် ခေါင်းဆောင်တစ်ဦးသည်
အပြစ်တင်ခွင့် ကင်းသောသူ၊ မယားတစ်ယောက်
တည်းရှိသောသူ၊ မျှတစွာပြုကျင့်သူ၊ သမ္မာသတိရှိ
သောသူ၊ အိန္ဒြေသိက္ခာရှိသောသူ၊ ဧည့်ဝတ်ကျေပြွန်
သောသူ၊ ကျွမ်းကျင်စွာ သင်ကြားပေးတတ်သော
၃။ ဆရာတစ်ပါး ဖြစ်ရမည်။ သောက်စားမူးယစ်တတ်
သူ၊ ခိုက်ရန်ဖြစ်ပွားတတ်သူ၊ ငွေတပ်မက်သူ၊ ခက်
ထန်ကြမ်းကြုတ်သူမဟုတ်ပဲနူးညံ့သိမ်မွေ့သူတစ်ဦး
၄။ ဖြစ်ရမည်။ မိမိ၏အိမ်ထောင်ကို စီမံအုပ်ချုပ်နိုင်သူ
တစ်ဦးဖြစ်ပြီး မိမိ၏သားသမီးများကိုလည်း ရိုသေ
ကျိုးနွံ့နာခံသူများအဖြစ်ထိန်းသိမ်းနိုင်သူဖြစ်ရမည်။
၅။ မိမိ၏အိမ်ထောင်ကို စီမံအုပ်ချုပ်နိုင်စွမ်းမရှိပါလျှင်
ဘုရားသခင်၏အသင်းတော်ကိုမည်ကဲ့သို့ပြုစုစောင့်
၆။ ရှောက်နိုင်မည်နည်း။ မကြာသေးမီကယုံကြည်ခြင်း
ကို လက်ခံထားသည့် ဘာသာဝင် လူသစ်လည်း
မဖြစ်ရ။ သို့မဟုတ်လျှင် ထိုသူသည် မိမိကိုယ်ကို
အထင်ကြီး၍ မာနထောင်လွှားခြင်းဖြင့် နတ်ဆိုးတို့
ကဲ့သို့ အပြစ်ဒဏ် စီရင်ခံရခြင်းမျိုးသို့ ကျရောက်
၇။ မည်ကိုစိုးရိမ်ရသည်။ လူ့အသိုင်းအဝန်းက သိက္ခာ
သမာဓိရှိသူဟုခံယူထားသည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ရမည်။
သိုမဟုတ်လျှင်ကဲ့ရဲ့ပြစ်တင်ခံရခြင်း၊နတ်ဆိုး၏ကျော့
ကွင်းတွင်းသို့ကျရောက်ခြင်းများ ဖြစ်လာနိုင်ပေ
သည်။

## ဦးပဋ္ဌင်းတို့၏အရည်အချင်းများ

၈။ ထိုနည်းတူစွာ ဦးပဋ္ဌင်းတို့သည်လည်း တည်ကြည်
သူများဖြစ်ကြရမည်။လျှာနှစ်ခွနှင့်ပြောသောသူများ၊
သေရည်သေရက် စွဲမက်သူများ၊ အကျိုးစီပွားဖြစ်
၉။ ထွန်းရန် လောဘကြီးသူများမဖြစ်အပ်။ ထိုသူတို့
သည် နက်နဲသောယုံကြည်ရာအချက်များကို ကြည်
လင်သန့်ရှင်းသော ဩတ္တပ္ပစိတ်နှင့်စောင့်ထိန်းကြရ
၁၀။ မည်။ သူတို့ကိုယ်တိုင် ရှေးဦးစွာ စမ်းသပ်လေ့လာ
ခြင်းခံကြရပြီးမှ အပြစ်တင်ခွင့် ကင်းလွတ်ကြောင်း
ပြသနိုင်ပါက ထိုသူတို့ကို ဦးပဋ္ဌင်းများအဖြစ်အမှု
၁၁။ ထမ်းပါစေ။ထိုနည်းတူစွာအမျိုးသမီးတို့သည်လည်း
တည်ကြည်သူများဖြစ်ကြရမည်။သူတစ်ပါးအသရေ
ပျက်အောင်ပြောဆိုသူများမဟုတ်ပဲ မျှတစွာပြောဆို
ပြုကျင့်သူများ၊ အရာရာတွင်သစ္စာရှိသူများဖြစ်ကြရ
၁၂။ မည်။ ဦးပဋ္ဌင်းတို့သည် မယားတစ်ယောက်တည်း
သာရှိသူများဖြစ်ကြပါစေ။ မိမိတို့၏ သား၊ သမီး
များနှင့် မိမိတို့၏အိမ်ထောင်များကို ကောင်းစွာစီမံ
၁၃။ အုပ်ချုပ်သူများ ဖြစ်ကြပါစေ။ အကြောင်းမူကား
ဦးပဋ္ဌင်းအဖြစ် ကောင်းစွာအမှုထမ်းသူတို့သည် မိမိ
တို့အတွက် ဂုဏ်သိက္ခာရှိသည့်အပြင် ခရစ်တော်
**ယေရှု**ကိုလက်ခံယုံကြည်ရန်အတွက်လည်းအားကိုး

အားထားဖွယ်များအဖြစ် အကျိုးကျေးဇူးခံစားရကြ
ပေသည်။

## ငါတို့ဘာသာတရား၏ နက်နဲဖွယ်ရာ

၁၄။ သင့်ဆီသို့အမြန်လာရန် ငါမျှော်လင့်သော်လည်းဤ
ညွှန်ကြားချက်များကို ငါရေးနေခြင်း၏ အကြောင်း
၁၅။ ရင်းမှာ အကယ်၍ ငါလာရန် နှောင့်နှေးကြန့်ကြာ
ခဲ့ပါလျှင် ဘုရားသခင်၏အိမ်တော်၌ မည်သို့မည်ပုံ
နေထိုင်ပြုမူအပ်ကြောင်း သင်သိစေရန် အတွက်ပင်
ဖြစ်၏။ ထိုအိမ်တော်ကား အသက်ရှင်တော်မူသော
ဘုရား၏အသင်းတော် သမ္မာတရား၏ မဏ္ဍိုင် နှင့်
၁၆။ အကာအရံ တံတိုင်းပေတည်း။ ငါတို့ အောက်ပါ
အတိုင်း ယုံကြည်ဝန်ခံသောဘာသာတရား၏နက်နဲ
ဖွယ်ရာကား ကြီးမြတ်လှပေစွ။ ဘုရားသခင်သည်
လူ့အဖြစ်နှင့် ပေါ်ထွန်းတော်မူခဲ့ပြီး ထိုအချက်ကို
ဝိညာဉ်တော်ဘုရားကထင်ရှားစေခဲ့ပြီ။ ကောင်းကင်
တမန်တော်တို့သည် ကိုယ်တော်ကို ရှုမြင်ဖူးတွေ့ခဲ့
ကြရပြီ။လူမျိုးအပေါင်းတို့အလယ်တွင် ကိုယ်တော်
၏သတင်းကောင်းကို ဟောပြောခဲ့၍ ကမ္ဘာတစ်ခွင်
တွင် ကိုယ်တော်ကို ယုံကြည်ခဲ့ကြပြီ။ ဘုန်းဂုဏ်
တော်နှင့်အထက်သို့ ဆောင်ယူခြင်းကို ခံတော်မူခဲ့
လေပြီဟူ၍တည်း။

## အခန်းကြီး (၄)

## ယုံကြည်ခြင်းလွဲမှားမည့်ဖြစ်ရပ်ကို ကြိုတင်ဟောကိန်းထုတ်ခြင်း

၁။ ဝိညာဉ်တော်ဘုရားက ယခုအတိအလင်း ဗျာဒိတ်
ထားတော်မူသည်မှာ နောင်အချိန် ကာလများတွင်
အချို့သော လူတို့သည် ယုံကြည်ခြင်းမှ သွေဖယ်၍
နတ်ဆိုးတို့၏ကောက်ကျစ်သော စိတ်ဓာတ်များနှင့်
၂။ အယူဝါဒများကို နာယူကျင့်သုံးကြလိမ့်မည်။ သြ
တ္တပ္ပစိတ်သေ့ခြောက်နေသော လူလိမ်လူညာများ၏
အယောင်ဆောင်မှုများမှတစ်ဆင့် ထိုအယူဝါဒများ
၃။ ကိုရရှိခဲ့ကြသည်။ ထိုသူတို့သည် ထိမ်းမြားမင်္ဂလာ
ပြုခြင်းကို တားမြစ်၍ အစာရှောင်ရန်လည်း ပညတ်
ထားကြသည်။ အကယ်စင်စစ်ဘုရားသခင်ဖန်ဆင်း
ထားသောအစားအစာမှန်သမျှတို့သည် သမ္မာတရား
တော်ကို သိမြင်သော ယုံကြည်သူအပေါင်းတို့က
ကျေးဇူးတော်ချီးမွမ်း၍သုံးဆောင်ကြရန်အတွက်ဖြစ်
၄။ သည်။ အကြောင်းမူကားဘုရားသခင်ဖန်ဆင်းထား
တော်မူသောအစာမှန်သမျှသည် ကောင်းမြတ်သည်
ဖြစ်၍ ကျေးဇူးတော်ကိုချီးမွမ်းသုံးဆောင်ကြမည်ဆို
လျှင် မည်သည့်အရာကိုမျှ မပယ်ရှောင်အပ်ပေ။
၅။ အကြောင်းမူကား ဘုရားသခင်၏နှုတ်ကပတ်တော်
အားဖြင့်လည်းကောင်း၊ ဆုတောင်းမေတ္တာပြုခြင်း
အားဖြင့်လည်းကောင်း အရာရာတို့သည် သန့်ရှင်း
မွန်မြတ်ကြ၏။

## ခရစ်တော်ယေရှု၏အမှုထမ်းကောင်းတစ်ဦး

၆။ သင်သည် ဤသွန်သင်ချက်များကို ညီအစ်ကိုတို့
ရှေ့မှောက်၌တင်ပြပါလျှင် သင်လက်ခံလိုက်ကျင့်ခဲ့
သော တရားတော်မြတ်နှင့် ယုံကြည်ခြင်း၏ တရား
စကားများအားဖြင့် အားဖြည့် ရှင်သန်ခဲ့သူ တစ်ဦး
ဖြစ်သည်နှင့်အညီ ခရစ်တော်**ယေရှု**၏ အမှုထမ်း
၇။ ကောင်းတစ်ဦး ဖြစ်လာပေလိမ့်မည်။ ဘုရားမဲ့၊အဓိ
ပ္ပာယ်မဲ့သည့် ဒဏ္ဍာရီပုံပြင်တို့နှင့် မည်သို့မျှမပတ်
သက်လေနှင့်။ ဘုရားတရား ကျင့်ခြင်းအမှုတို့၌သင့်
၈။ ကိုယ်ကို ပျိုးထောင် ပုံသွင်းပါလော့။ ကိုယ်ခန္ဓာကို
ပျိုးထောင်ပုံသွင်းခြင်းသည် အထိုက်အသင့်တန်ဘိုး
ရှိသော်လည်း ဘုရားတရားကျင့်ခြင်းမူကား အရာ
ရာတွင် တန်ဘိုးရှိပေသည်။အကြောင်းမူကား ယင်း
အမှုသည် ယခုဘဝတွင် သာမက နောင်ဘဝတွင်
လည်း အကျိုးဖြစ်ထွန်းမည်ဟု ကတိတော်ရှိ၏။
၉။ ဤဆိုရိုးစကားသည်မှန်ကန်၍ အကြွင်းမဲ့ခံယူထိုက်
၁၀။ လှပေသည်။ ဤပန်းတိုင်ကိုရည်မှန်း၍ငါတို့ပင်ပန်း
စွာကြိုးစားဆောင်ရွက်ကြခြင်းဖြစ်သည်။အကြောင်း
မူကား လူအပေါင်းတို့၏ ကယ်တင်ရှင်ယုံကြည်သူ
တို့အတွက် အထူးသဖြင့် ကယ်တင်ရှင်ဖြစ်တော်မူ
သည့် အသက်ရှင်တော်မူသော ဘုရားသခင်အပေါ် ၌
ငါတို့သည် မျှော်လင့်ချက်ထားရှိကြသောကြောင့်
၁၁။ ပေတည်း။ ဤအကြောင်းအရာများကိုပညတ်ပေး၍
၁၂။ သွန်သင်ပါလော့။ သင်၏ငယ်ရွယ်နုပျိုမှုကိုမည်သူ
မျှ မထီမဲ့မြင်မပြုစေနှင့်။ သို့ရာတွင် သင်၏အပြော
အဆို၊ အပြုအမူ၊ ချစ်ခြင်းမေတ္တာ၊ ယုံကြည်ခြင်း၊
ဖြူစင်ခြင်းတို့ဖြင့် ယုံကြည်သူတို့အတွက် စံနမူနာ
၁၃။ ဖြစ်ပါစေလော့။ လူပုံအလယ်တွင် ကျမ်းစာဖတ်ရှု
ခြင်း၊ တရားဟောခြင်း၊ သွန်သင်ခြင်းတို့ကို ငါလာ

သည့် အချိန်တိုင်အောင် ဆောင်ရွက်ပါလော့။
၁၄။ သက်ကြီးဝါကြီးတို့က သင့်အပေါ် လက်တင်ခဲ့ကြ
စဉ်က ဗျာဒိတ်တော်စကားဖြင့် ပေးအပ်ခဲ့သော
သင်၏ဆုကျေးဇူးတော်ကို လျစ်လျူမရှုလေနှင့်။
၁၅။ ဤတာဝန်များကို ထမ်းဆောင်လော့။ ယင်းတို့ကို
နှလုံးသွင်း၍ ဝါယမ စိုက်ထုတ်ပါလော့။ ဤနည်း
ဖြင့် လူအပေါင်းတို့သည်သင်၏ဖွံ့ဖြိုးတိုးတက်မှုကို
၁၆။ တွေ့မြင်နိုင်ကြပေမည်။သင့်ကိုယ်ကိုလည်းကောင်း၊
သင်၏ဟောကြားချက်ကိုလည်းကောင်း ဂရုစိုက်ပါ
လော့။ ထိုအချက်ကို လက်ကိုင်ကျင့်သုံးလော့။
ထိုသို့ပြုခြင်းဖြင့် သင်နှင့်တကွ သင်၏တရားကို
ကြားနာသောသူများကိုလည်း ကယ်တင်ခြင်းခံရကြ
လိမ့်မည်။

## အခန်းကြီး (၅)

## အသင်းတော်ဝင်များအတွက် ထမ်းဆောင်ရမည့် ဝတ္တရားများ

၁။ အသက်ကြီးသောသူကိုအပြစ်တင်ပြောဆိုခြင်းမပြု
၂။ ဘဲ၊ ဖခင်သဖွယ်ပြောဆိုတောင်းပန်းလော့။ငယ်ရွယ်
သူများကို ညီရင်းပမာဆက်ဆံလော့။ အသက်ကြီး
သောအမျိုးသမီးတို့ကိုမိခင်များကဲ့သို့လည်းကောင်း
ငယ်ရွယ်သူအမျိုးသမီးများကို နှမများကဲ့သို့လည်း
ကောင်း၊ ဖြူစင်သောစိတ်ထားနှင့်ဆက်ဆံပါလော့။
၃။ မုဆိုးမ အစစ်အမှန်ဖြစ်နေသည့် အမျိုးသမီးများကို
၄။ ရိုသေစောင်မလော့။ သား၊မြေးရှိသော မုဆိုးမဖြစ်
လျှင်ထိုသားမြေးတို့သည်မိမိတို့မိသားစုတို့အတွက်
ဘာသာရေးအရထမ်းဆောင်ရမည့်ဝတ္တရားကိုရှေးဦး
စွာသင်ယူစေပြီး မိမိတို့မိဘများအား ကျေးဇူးဆပ်
၅။ ကြပါစေ။ ဤသို့သောအမှုကိုဘုရားသခင်နှစ်သက်
တော်မူ၏။ မုဆိုးမအစစ်အမှန်ဖြစ်၍ တစ်ယောက်
တည်း ကျန်ရစ်သောအမျိုးသမီးသည် ဘုရားသခင်
ကို ကိုးစားကာနေ့ညမပြတ် ဆုတောင်းပတ္ထနာပြု
၆။ တတ်၏။ ဇိမ်ခံတတ်သောမုဆိုးမမူကား အသက်
၇။ ရှင်ဆဲပင်ဖြစ်သော်လည်း သေနေလေပြီ။ ထိုသူတို့
ကို အပြစ်တင်ခွင့်နှင့်ကင်းလွတ်စေခြင်းငှာ ဤသို့
၈။ ပညတ်ထားလော့။ အကြင်သူသည် မိမိ၏ ဆွေမျိုး
များ အထူးသဖြင့်မိမိ၏မိသားစုဝင်များကိုပေးကမ်း
စောင်မခြင်းမပြုအံ့။ ထိုသူသည် ယုံကြည်ခြင်းကို
စွန့်ပယ်လေပြီ။ မယုံကြည်သူတစ်ဦးထက်ပင် ပိုမို
၉။ ဆိုးရွားလေသည်။ အနည်းဆုံးအသက်ခြောက်ဆယ်
ရှိသောမုဆိုးမများကိုစာရင်းဝင်စေလော့။ သူမသည်
၁၀။ လင်တစ်ယောက်တည်း၏မယားဖြစ်သောသူ၊မိမိ၏
ကောင်းမှုတို့အတွက် ထင်ရှားသူ၊ သားသမီးတို့ကို
ကောင်းစွာထိန်းသိမ်းပဲ့ပြင်သူ၊ ဧည့်ဝတ်ကျေပွန်သူ၊
သူတော်ကောင်းတို့၏ခြေကိုဆေးသူ၊ ဒုက္ခဆင်းရဲခံ
စားရသူတို့အားမစသူ၊ အဖက်ဖက်တွင်ကောင်းကျိုး
၁၁။ ပြုရန် ဆက်ကပ်ဆောင်ရွက်သူဖြစ်ရမည်။ သို့ရာ
တွင် ငယ်ရွယ်သော မုဆိုးမတို့ကို စာရင်းသွင်းရန်
ငြင်းဆိုလော့။ အကြောင်းမူကား ထိုသူတို့သည်
ခရစ်တော်ထံ ဆက်ကပ်ခြင်း၌ ငြီးငွေ့လာကြသော
အခါ လက်ထပ်ထိမ်းမြားရန် ဆန္ဒရှိကြလိမ့်မည်။
၁၂။ ဤသို့ဖြင့် သူတို့သည် မိမိတို့၏ပထမ ကတိသစ္စာ
၁၃။ ကိုဖျက်သည့်အပြစ်ဒဏ်သင့်ကြလိမ့်မည်။ ထို့အပြင်
သူတို့သည်တစ်အိမ်မှတစ်အိမ်လှည့်လည်၍ အချိန်
ဖြုန်းတတ်လာကြသည်။ အချိန်ဖြုန်းသည် သာမက
အတင်းအဖျင်း ပြောလေ့ရှိကြပြီး၊ ကိုယ်နှင့်မဆိုင်
သည့်အရာများတွင် ဝင်ရောက်စွက်ဖက်ကာ မပြော
၁၄။ သင့်သည့်စကားများကို ပြောတတ်ကြသည်။ ထို့
ကြောင့် ငယ်ရွယ်သောမုဆိုးမတို့သည်ကဲ့ရဲ့ပြစ်တင်
ခြင်းခံရမည့်အခွင့်အရေးကိုရန်သူအားမပေးမိစေရန်
အတွက် လက်ထပ်ထိမ်းမြားခြင်း၊ သားဖွားဖြင်း၊
အိမ်ထောင်ထိန်းသိမ်းကွပ်ကဲခြင်းတို့ကို ပြုလုပ်ကြ
၁၅။ ရန် ငါအလိုရှိ၏။ အကြောင်းမူကား အချို့တို့သည်
ဆာတန်နတ်ဆိုး၏ နောက်သို့လိုက်သွားပြီးကြလေ
၁၆။ ပြီ။ ယုံကြည်သူအမျိုးသမီးတစ်ဦး၌ ဆွေမျိုးတော်
စပ်သော မုဆိုးမများရှိပါက ထိုသူတို့ကို ကူညီ
စောင်မပါစေ။ ထိုသူတို့အတွက် အသင်းတော်၌
တာဝန်မကြီးလေးစေခြင်းဖြင့် အသင်းတော်သည်
ခိုကိုးရာမဲ့မုဆိုးမအစစ်များကို ကူညီစောင်မနိုင်ပေ
၁၇။ မည်။ကောင်းစွာအုပ်ချုပ်သောသက်ကြီးဝါကြီးများ၊
အထူးသဖြင့် တရားဟောပြောခြင်း၊ သွန်သင်ပဲ့ပြင်
ခြင်းတို့၌ ကြိုးစားအားထုတ်သူများသည် နှစ်ဆ
ရိုသေ ထိုက်သောသူများဖြစ်သည်ဟု မှတ်ယူကြ
၁၈။ လော့။ အကြောင်းမူကား စပါးနင်းနယ်သောနွားကို
ပါးချုပ် မတပ်အပ်ဟူ၍လည်းကောင်း၊ လုပ်ဆောင်
သောသူသည် မိမိ၏လုပ်အားခကို ရထိုက်၏ဟူ၍
၁၉။ လည်းကောင်း ကျမ်းစာလာသတည်း။ နှစ်ဦး၊သုံးဦး
၏သက်သေထင်ရှားမရှိပဲ၊ သက်ကြီးဝါကြီးတစ်ဦး

အပေါ်စွပ်စွဲချက်ကို မည်သည့်အခါမျှလက်မခံနှင့်။
၂၀။ အပြစ်၌နစ်မွန်းနေသော သူတို့ကိုမူကားလူအပေါင်း
တို့ရှေ့မှောက်တွင်ပြစ်တင်ဆုံးမလော့။သို့မှသာလျှင်
ကျန်ရှိသူတို့သည် ကြောက်ရွံ့ခြင်းနှင့် ရပ်တည်ကြ
၂၁။ လိမ့်မည်။ သင်သည် ဤပြညတ်များကို အခွင့်
အရေးပေးခြင်း၊ မျက်နှာလိုက်ခြင်းတို့မရှိပဲ စောင့်
ထိန်းပြုကျင့်ရန် ဘုရားသခင်နှင့် ခရစ်တော်**ယေရှု**
၏ရှေ့တော်မှောက်တွင် ငါသည်သင့်ကိုတာဝန်ပေး
၂၂။ အပ်သည်။ သူတစ်ပါးအပေါ်လက်တင်ခြင်းအမှုကို
အလျင်စလိုမပြုနှင့်။ သူတစ်ပါး၏အပြစ်များ၌မပါ
၂၃။ ဝင်နှင့်။ မိမိကိုယ်ကို ဖြူစင်စွာထိန်းသိမ်းထား လော့။
သင်မကြာမကြာ ခံစားရသော ဝေဒနာများ အတွက်
ရေကိုသာမသောက်တော့ပဲ၊ အစာကျေစေ ရန်
စပျစ်ရည်အနည်းငယ်ကိုလည်း သောက်သုံးပါ
၂၄။ လော့။ အချို့သော သူတို့၏အပြစ်များသည် ထင်
ရှား၍ အပြစ်စီရင်ချက်ကို ညွှန်ပြနေသော်လည်း
အချို့တို့၏ အပြစ်များမှာမူကား နောက်မှပေါ်လာ
၂၅။ တတ်၏။ ထိုနည်းတူစွာ ကောင်းမှုတို့သည်လည်း
ထင်ရှား၏။ မထင်ရှားသေးလျှင်လည်း ကောင်းမှု
တို့ကို ဖုံးကွယ်ထား၍မရနိုင်ပေ။

## အခန်းကြီး (၆)

၁။ ကျွန်ဘဝသို့ရောက်ရှိနေသူတို့သည်ဘုရားသခင်၏
နာမတော်နှင့် တရားတော်မြတ်အား ဂုဏ်အသရေ
မပျက်စေခြင်းငှာ မိမိတို့၏ သခင်များအား ရှိသေ
၂။ လေးစားထိုက်သူများဟု မှတ်ယူကြပါစေ။ ခရစ်
ယာန်ဖြစ်သောသခင်များကိုလည်း မိမိတို့၏ညီအစ်
ကိုများသာဖြစ်သည်ဟူသောခံယူချက်ဖြင့် သူတို့ကို
မရိုမသေမပြုရပေ။ မိမိတို့အစေခံလုပ် ကျွေးခြင်းကို
ခံစားရသူတို့သည် ယုံကြည်သူများ၊ချစ်မြတ်နိုးအပ်
သူများဖြစ်သည်ဟူသော စိတ်ထားနှင့် ပိုမိုကောင်း
မွန်စွာအစေခံကြရမည်။ဤဝတ္တရားများကို သွန်သင်
ပေး၍ လိုက်နာစေရန် နှိုးဆော်လော့။

## မိစ္ဆာအယူဝါဒနှင့်စည်းစိမ်ချမ်းသာ

၃။ အကြင်သူသည် ငါတို့သခင်**ယေရှု**ခရစ်တော်၏မှန်
ကန်သောစကားများနှင့်လည်းကောင်း၊ ဘုရားတရား
နှင့် လျော်ညီသော သွန်သင်ချက်များနှင့် လည်း
ကောင်း မကိုက်ညီပဲကွဲပြားသောအယူဝါဒကို သွန်
၄။ သင်အံ့။ ထိုသူသည် ဘဝင်မြင့်မှုနှင့် မာန်ဝင့်လျက်
အလျင်းမသိနားမလည်သောသူဖြစ်၏။ ထိုသူ၌ ယုံ
ကြည်ယူဆချက်နှင့်ပတ်သက်သည့်ငြင်းခုံမှု စကား
အသုံးအနှုန်းနှင့်ပတ်သက်သည့် အငြင်းပွားလိုသည့်
ဆန္ဒရမ္မက်ရှိ၏။ ထိုသို့ပြုခြင်းသည် မနာလိုဝန်တိုမှု
သဘောကွဲလွဲမှု၊ အသေရေဖျက်မှု၊ နိမ့်ကျသည့် သံ
၅။ သယစိတ်တို့ကိုဖြစ်ပေါ်စေပြီ။ အတွေးအခေါ်လွဲမှား
ကာ အမှန်တရားနှင့်ကင်းသော လူတို့အချင်းချင်း၌
ခိုက်ရန်ဖြစ်၏ ပွားစေ၏။ ဘုရားတရားကျင့်ခြင်း
သည် အကျိုးစီးပွားဖြစ်သည်ဟု ထိုသူတို့က ယူဆ
၆။ ကြ၏။ ရောင့်ရဲတင်းတိမ်မှုနှင့် ဘုရားတရားကို
ကျင့်ခြင်းသည် ကြီးစွာသော အကျိုးကျေးဇူးရှိသည်
၇။ မှန်၏။ အကြောင်းမူကား ငါတို့သည်ကမ္ဘာလောက
အတွင်းသို့ မည်သည့်အရာကိုမျှ ယူလာခဲ့ကြသည်
မဟုတ်၊ မည်သည့်အရာကိုမျှလည်းကမ္ဘာလောကမှ
၈။ ယူမသွားနိုင်ကြပေ။ ငါတို့၌ ဝတ်စရာ၊ စားစရာရှိ
၉။ လျှင် ဤအရာများနှင့်ရောင့်ရဲကြရပေမည်။ချမ်းသာ
ကြွယ်ဝလိုသောသူတို့သည် အပြစ်သွေးဆောင်ခြင်း
ကိုခံရကြ၏။ သူတို့သည်မိုက်မဲ၍ အကျိုးယုတ်စေ
တတ်သည့် စွဲလန်းတပ်မက်မှုတို့ဖြင့် ကျော့ကွင်းမိ
ကြ၏။ ထိုစွဲလန်းတပ်မက်မှုများသည် သူတို့အား
၁၀။ ပျက်စီးဆုံးရှုံးစေကြ၏။ အကြောင်းမူကား ငွေကို
တပ်မက်ခြင်းသည် မကောင်းမှုမှန်သမျှ၏ အရင်း
အမြစ် ဖြစ်သောကြောင့်တည်း။ ဤတပ်မက်ခြင်း
အားဖြင့် အချို့တို့သည် ယုံကြည်ခြင်းလမ်းလွဲသွား
ကြပြီး မိမိတို့နှလုံးသားများကို ပူဆွေးနောင်တရမှု
တို့ဖြင့် ပြည့်ဝစေကြပြီ။

## ယုံကြည်ခြင်းအတွက်ကောင်းသောတိုက်ခိုက်မှု

၁၁။ အို ဘုရားသခင်၏လူ၊ သင်မူကားထိုအရာအားလုံး
ကိုရှောင်ကြဉ်ပါ၍ ဖြောင့်မတ်မှန်ကန်မှု၊ ယုံကြည်
ခြင်း၊ ချစ်ခြင်းမေတ္တာ၊ တည်ကြည်မြဲမြံခြင်း၊ နူးညံ့
၁၂။ သိမ်မွေ့ခြင်းတို့ကိုသာ ရည်မှန်းပါလော့။ ယုံကြည်
ခြင်းအတွက် ကောင်းသောတိုက်ခိုက်တွန်းလှန်မှုကို
ပြုလော့။ သက်သေအများတို့၏ရှေ့မှောက်၌ သင်
ယုံကြည်ဝန်ခံခြင်းကိုပြုခဲ့စဉ်က သင်ဖိတ်ခေါ်ခြင်းခံ
၁၃။ ရသော ထာဝရအသက်တာကိုရယူပါလော့။ ခပ်
သိမ်းသောအရာတို့ကို အသက်ရှင် စေတော်မူသော

ဘုရားသခင်၏ ရှေ့မှောက်တော်တွင်လည်းကောင်း
**ပုံစီဦးပီလာတု**မင်းရှေ့၌ ကောင်းသောဝန်ခံခြင်းကိုပြု
၍၊ မိမိကိုယ်ကိုသက်သေခံခဲ့သော ခရစ်တော်**ယေရှု**
၁၄။ ၏ ရှေ့မှောက်တော်တွင်လည်းကောင်း၊ သင့်အားငါ
အမိန့်ပေးသည်မှာ ပညတ်တော်များကို အစွန်း
အကွက်မထင်စေပဲစောင့်ထိန်း၍ ငါတို့သခင်**ယေရှု**
ခရစ်တော်ပေါ်ထွန်းသည့်တိုင်အောင် အပြစ်တင်ခွင့်
၁၅။ နှင့် ကင်းလွတ်စေရန်ပင်ဖြစ်၏။ ခရစ်တော်၏ပေါ်
ထွန်းခြင်းကိုအချိန်တန်လျှင် ပေါ်ထွန်းစေမည့်ပုဂ္ဂိုလ်
ကား မင်္ဂလာရှိတော်မူ၍ တစ်ပါးတည်းသောအရှင်
ဖြစ်တော်မူသော ဘုရင်တို့၏ဘုရင် သခင်တို့၏
၁၆။ သခင် ဖြစ်တော်မူလျက်၊ သေခြင်းနှင့် ကင်းသော
အရှင် မချဉ်းကပ်နိုင်သည့် အလင်းတော်၌ စံပယ်
တော်မူသောအရှင်မည်သူမျှ မမြင်စဖူး၊မဖြစ်နိုင်သော
အရှင်ပေတည်း။ ကိုယ်တော်အားဘုန်းဂုဏ်တော်နှင့်
ထာဝရစိုးစံခြင်းရှိတော်မူပါစေ။ အာမင်။
၁၇။ ဤကမ္ဘာလောကတွင် ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝ
သူတို့အား သင်မိန့်မှာရမည်မှာ မောက်မာခြင်း မရှိ
ရန် မမြဲသော ဥစ္စာကြွယ်ဝမှုကိုမကိုးစားပဲ ငါတို့
စံစားနိုင်ရန်အလုံးစုံသောအရာတို့ကို ကြွယ်ဝစွာပေး
သနားတော်မူသော ဘုရားသခင်ကိုသာ ကိုးစားကြ
၁၈။ ရန်၊ အကောင်းကိုသာ ပြုကြရန် ကောင်းမှုတို့နှင့်
ကြွယ်ဝလျက် ရက်ရောသောစေတနာစိတ်နှင့်လွတ်
၁၉။ လပ်စွာပေးကမ်းကြရန်ပင်ဖြစ်သည်။ ဤနည်းဖြင့်
သူတို့သည် စစ်မှန်သော အသက်ရှင်ခြင်းဖြစ်သည့်
ဘဝသက်တာကို ရကြပါမည့်အကြောင်း မိမိတို့၏
အနာဂတ်အတွက်ကောင်းသော အုတ်မြစ်ကိုချကြပေ
၂၀။ သည်။အိုတိ**မောသေဦး**၊ သင့်အားအပ်နှင်းထားသည့်
အရာကိုစောင့်ရှောက်ပါလော့၊ ဘုရားတရားမဲ့သော
နှီးနှောပြောဆိုခြင်းများ၊ အသိပညာဟု မှားယွင်းစွာ
အမည်တပ်ခေါ်ဝေါ်ကြသော ပညာ၏ဆန့်ကျင်ဖက်
၂၁။ သဘောဝတရားများကို ရှောင်ကြဉ်လော့။ ထိုပညာ
ကို ကျင့်သုံးခြင်းဖြင့်အချို့သောသူတို့သည်ယုံကြည်
ခြင်းနှင့်ဆိုင်သော ပစ်မှတ်နှင့်လွဲခဲ့ကြလေပြီ။ ကျေး
ဇူးတော်သည် သင်နှင့်အတူရှိစေသတည်း။